# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၀ )

၁၃၆၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

( ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (၁)တွင်ပါရှိသော "the High Court" ဆိုသည့်စကားနောက်၌ "or the State or Divisional Court" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၅က၊ ပုဒ်မခွဲ (၂)တွင်ပါရှိသော "one thousand kyats" ဆိုသည့်စကားရပ်ကို "100,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၆ကို ပယ်ဖျက်ရမည်။

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော -

(က) "any Court subordinate to the High Court,"ဆိုသည့်စကားရပ်ကို "the State or Divisional Court," ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) "in a suit relating to immovable property or to any right or interest in immovable property, and in any other suit where the amount or value of the subject-matter of the original suit exceededs 500 kyats," ဆိုသည့်စကားရပ်ကို " in the suit where the amount or value of the subject – matter of the orginal suit exceeds 2,000,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၂ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"102.No second appeal shall lie from the decree passed in appeal where the amount or value of the subject-matter of the orginal suit does not exceed 2,000,000 kyats."

၇။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၆ တွင် ပါရှိသော "where such order is made by a Court (not being the High Court) in the exercise of appellate Jurisdiction, then to the High Court. " ဆိုသည့်စကားရပ်ကို "Where such order is made by the District Court or the State or Divisional Court in the exercise of appellate jurisdiction, then to the immediate higher Court." ဆိုသည့်စကားရပ် ဖြင့်အစားထိုးရမည်။

၈။ (က) တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်အသီးသီးနောက်၌ "or the State or Divisional Court or the District Court ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

(ခ) တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည် -

"Provided that this provision shall not apply to the record of any case which has been decided by any Court in the exercise of its revisional jurisdiction or its appellate jurisdiction."

၉။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈၊ နည်းဥအဒေ ၄ တွင်ပါရှိသော "The evidence of the witnesses in attendance" ဆိုသည့်စကားရပ်နောက်၌ "which the Judge thinks necessary" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၈၊ နည်းဥပဒေ ၅ တွင် ပါရှိသော "The Judge shall, if necessary, correct the deposition and sign it." ဆိုသည့်စကားရပ်ကို The evidence so taken shall be read over to the witness, and, if he admits it to be correct, shall be signed by him on every page, and the Judge shall, if necessary, correct the same and sign it." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေ အမိန့်၁၈၊ နည်းဥပဒေ ၁၅(၁)တွင် ပါရှိသော "may proceed" ဆိုသည့် စကားရပ်ကို "shall proceed" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၃၊ နည်းဥပဒေ (၁)တွင် ပါရှိသော "100 kyats" ဆိုသည့် စကားရပ်အသီးသီးကို "50,000 kyats" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ